ထေရဝါဒဗုဒ္ဓသာသနာအဖွဲ့ (အမေရိကန်ပြည်ထောင်စု)

Website: www.tbsousa.org

E-mail: tbsomahasi@gmail.com

THERAVADA BUDDHA SASANA ORGANIZATION

TBSO

Youtube: TBSO mahasi

Facebook: TBSO-mahasi

17730 Broadway Ave, Snohomish, WA 98296 | Ph: 360-243-3468

# ဓမ္မမိတ်ဆွေအပေါင်း သူတော်ကောင်းတို့

အဘိဓမ္မာကို သင်ယူခြင်းဖြင့် ဓမ္မအသိဉာဏ်ကို များစွာ ဖွံ့ဖြိုးနိုင်၏။ အဘိဓမ္မာသဘော နားလည် တတ်သိမှုသည် အန္ဓပုထုဇဉ် (ကန်းမိုက်သည့် ပုထုဇဉ်) အဖြစ်မှ လွတ်မြောက်အောင်၊ ကလျာဏ ပုထုဇဉ် (တော်ဝင်ပုထုဇဉ်) အဖြစ်သို့ ရောက်အောင် စွမ်းဆောင်နိုင်သည်။ နာမရူပပရိစ္ဆေဒဉာဏ် ရင့်သန်စေသည်။ စူဠသောတာပန် (သောတာပန်အငယ်စား) ဘဝသို့လည်း ရောက်စေနိုင်သည်။ အဘိဓမ္မာသည် ရုပ်နာမ်သဘာဝတရားများကို ခွဲခြမ်းစိတ်ဖြာ၍ ဟောကြားသည့် ဒေသနာဖြစ်ခြင်း ကြောင့် အဘိဓမ္မာကို သင်ယူလေ့လာခြင်းသည် ပဋိသမ္ဘိဒါဉာဏ်ကို ရစေနိုင်၏။ ပဋိသမ္ဘိဒါဉာဏ် ဆိုသည်မှာ အကြောင်း အကျိုး ဘာသာစကားနှင့် အသိဉာဏ်ပိုင်းဆိုင်ရာတို့ကို ခွဲခြားစိပ်ဖြာ သိနိုင် သောဉာဏ် (Analytical Knowledge)မျိုး ဖြစ်၏။ ထို့အပြင် အဘိဓမ္မာကို သင်ယူပါက "အနတ္တ သဘာဝ"ကို ပိုမိုရှင်းလင်း ပြတ်သားစွာ မြင်နိုင်၏၊ အနတ္တကို မြင်မှသာ သံသယကင်းစင်၏၊ အမှန်ကို မြင်၏၊ အမှန်မြင်ခြင်း နှင့် သံသယကင်းခြင်း (ဒိဋ္ဌိ နှင့် ဝိစိကိစ္ဆာကို ကျော်လွန်ခြင်း)တို့ဖြင့် အပါယ်တံခါး ပိတ်နိုင်ပြီး နိဗ္ဗာန်တံခါးဖွင့်နိုင်၏။ အဘိဓမ္မာသင်ယူရခြင်း၏ အကျိုးကျေးဇူးတို့မှာ များလှပါ၏။

ထို့ကြောင့် ဗုဒ္ဓမြတ်စွာ၏ သာသနာတော်ကြီးနှင့် တွေ့ကြုံရသည့် အချိန်ကောင်း အခါကောင်း အခွင့်အလန်းကောင်းကို လက်လွတ်ဆုံးရှုံးမှု မဖြစ်ရအောင် ဗုဒ္ဓမြတ်စွာ၏ လေးနက်ကျယ်ပြန့်လျှက် တန်ခိုးထက်သော မိဘကျေးဇူးဆပ် အဘိဓမ္မာ တရားတော်တို့ကို ပူဇော်သောအနေအားဖြင့် အပတ်စဉ် တနင်္ဂနွေနေ့တိုင်း (ပစိဖိတ်စံတော်ချိန်)ညနေ ၅-နာရီမှ ၆-နာရီခွဲအထိ google meet app ဖြင့် အွန်လိုင်း ဗီဒီယိုကို အသုံးပြုကာ အဘိဓမ္မာသင်တန်းကို သင်ကြားပေးနေကြောင်း နိဗ္ဗာန်အကျိုးမျှော် ကာ နိုးဆော် အသိပေးအပ်ပါသည်။ အောက်ပါလင့်ကို နှိပ်၍ ပါဝင်နိုင်ကြပါသည်။

[https://meet.google.com/hyj-evqe-vsb](https://meet.google.com/hyj-evqe-vsb)

**အကူအညီလိုအပ်ပါက ၃၆၀-၂၄၃-၃၄၆၈ ကို ခေါ်ဆို၍ဖြစ်စေ၊ tbsomahasi@gmail.com သို့ အီးမေး ပေးပို့၍ဖြစ်စေ မေးမြန်းစုံစမ်း အကူအညီ တောင်းခံနိုင်ပါသည်။**

**မိမိတို့၏ အခြားဓမ္မမိတ်ဆွေများကိုလည်း ထပ်ဆင့်ဖြန့်ဝေနိုင်ကြပါသည်။**

**ဘေးရန်ကင်းကွာ ကျန်းမာချမ်းသာကြ၍ ပါရမီကုသိုလ်များတိုးပွားအောင် ကြိုးစားနိုင်ကြပါစေ။**

